

ဆောင်းညချမ်းငွေ

# နှလုံးသားစေညွှန်ရာအတိုင်း ချစ်ခဲ့သည်

# အခန်း(၁)

"တီး ... တီး"

"ပန်းမြိုင်" ဆိုတဲ့ခြံရှေ့ရောက်သည်နှင့် ဟွန်းသံရှည်ကြီး ပေးလိုက်သည်။ ပြီးနောက် လည်ပင်းတရှည်ရှည်ဖြင့် ကားပေါ်ကနေခြံထဲကို ချောင်းကြည့်သည်။

"ဟူး ... တစ်ယောက်မှလည်း ထွက်မလာပါလား"

ဟွန်းသံရပ်သွားသည်က အတော်လေး ကြာသွားတာတောင် "ပန်းမြိုင်" စံအိမ်က လူတစ်ယောက်မှထွက်မလာ။

"ရတယ်လေ ထွက်မလာမချင်းကိုစောင့်နေမှာ"

ပါးစပ်က ပွစိပွစိပြောကာ ခုံကိုနောက်လှန်ချလိုက်သည်။ ပြီးနောက် ကားထဲ၌သီချင်းဖွင့်ကာ ခြေထောက်တွေကို ဘေးကမှန်နံရံကို ကန်ထားပြီး ပက်လက်လေး အိပ်နေလိုက်သည်။

'ဟွန့် ... ဆောင်းအိမ်မက်တဲ့ တအိမ်မက်ပဲ ရှိတယ်မှတ်'

မာန်မင်းခ ခြံရှေ့ရောက်တော့ ခြံရှေ့မှာ ကန့်လန့်ဖြတ်ကြီးရှိနေတဲ့ ပြာလွင်လွင် ပြိုင်ကားလေးတစ်စီးကြောင့် ဟွန်းသံပေးသည်။ သို့သော် တုန့်တုန့်မျှ မလှုပ်တာကြောင့် မာန်မင်းခ ကားပေါ်ကဆင်းကာ အပြာရောင်ကားလေးရှိရာကို တိုးကပ်လိုက်၏။

'ဟင် ... အဟွန့်'

ကားမှန်ကနေအတွင်းထဲကို အားယူကာချောင်းကြည့်ပြီး မပြုံးစဖူးအပြုံး

လေးက နူတ်ခမ်းပါးလေးပေါ်မှာ ဖြစ်ထွန်းသွားသည်။ ခုံကိုလှန်ချပြီး ပက်လက်လေး အိပ်ပျော်နေတဲ့ ကောင်မလေးက ချစ်စဖွယ်ပုံစံလေးနှင့်။

"တောက် ... တောက် ... တောက်"

"ဟင်"

သူမ ဘယ်လောက်ထိ အိပ်ပျော်သွားမှန်းမသိခင်မှာ ကားမှန်ကို တတောက်တောက်နှင့် ခေါက်တော့မှ မျက်ဝန်းတွေ ပွင့်လာသည်။ ပြီးနောက် အပြင်ကနေ အထဲကို ချောင်းကြည့်နေတဲ့ လူရွယ်အမျိုးသားကြောင့်"အိမ်မက်" အမြန်ပင်မှန်ကိုချလိုက်သည်။

"ဘာကိစ္စလည်းရှင့်"

"ကျွန်တော် ကား ခြံထဲကိုဝင်မလို့ဗျ အဲဒါ ဒီကညီမရဲ့ ကားကရှေ့ကကန့်လန့်ကြီးဖြစ်နေတော့"

"ဟုတ်လား တောင်းပန်ပါတယ်ရှင် အိမ်မက်လည်းလေ ဒီခြံထဲကိုဝင်မလို့ပါ။ ကျူးခင်ခင်ရဲ့ သူငယ်ချင်းပါ"

"ဟာ ... ဒါဆိုရှေ့ကဝင်လေ၊ နေပါဦး၊ ဘယ်ချိန်ထဲကခြံရှေ့ရောက်နေတာလည်းညီမ"

ကပြာကယာပြောပြီး လှည့်ထွက်မလို့ပြင်ပြီးမှ ပြန်လှည့်ကာမေးသည်။ အိမ်မက်က နားရွက်ကို အသာကုတ်ကာ စပ်ဖြီးဖြီးဖြင့် ...

"နေ့လယ် တစ်နာရီတည်းကပါရှင့်"

"ဟာ ... ဒုက္ခပါပဲ ဧည့်သည်ကို ခြံရှေ့မှာပဲထားရလား။ ကျွတ် ... ဒီခြံစောင့်တွေတော့ အလုပ်ဖြုတ်ပစ်မှပါ"

"ဟို ... ရပါတယ်ရှင့် အိမ်မက်ကလေ ကျူးခင်ခင်ကို ဖုန်းကြိုဆက်မထားမိလို့ပါ အိမ်မက်ရဲ့အမှားလည်း ပါပါတယ် ဒါကြောင့် အလုပ်သမားတွေကို

အလုပ်မဖြုတ်ပစ်ပါနဲ့နော် အိမ်မက်တောင်းပန်ပါတယ်"

အားနာစွာဖြင့် အိမ်မက်က မျက်စိမျက်နှာပျက်စွာ အမြန်တောင်းပန်ရသည်။ သူက စိတ်ရှုပ်ထွေးသွားသလိုနှင့် မျက်ခုံးနှစ်ဖက်ကို ထိလုမတက် စုကြုတ်သွားပြီး ...

"ညီမ ကားအရင်ဝင်ပါ ကျွန်တော် ဟွန်းသံပေးလိုက်မယ်"

"ဟုတ်ကဲ့ ကျေးဇူးပါရှင့်"

အိမ်မက် ကားစက်နိုးလိုက်သည်။ မာန်မင်းခ သူ့ကားရှိရာကို ပြန်သွားတော့ အိမ်မက် ဘတ်မှန်ကနေ လှမ်းကြည့်ကာ ရင်ဘတ်လေး ဖိလိုက်မိသည်။ တကယ်တော့ ကျူးခင်ခင်ဆီကို ဖုန်းကြိုဆက်ထားပါသည်။ ဒါပေမဲ့ သူမ ရောက်လာတော့ ခြံတံခါးလာမဖွင့်တာကို သူမက အိပ်စောင့်နေမိသည်။

မာန်မင်းခ ကားပေါ်တက်ပြီး ဟွန်းသံရှည်ပေးလိုက်သည်။ ပြီးနောက် မတွေ့ရမှန်းသိတဲ့ မျက်နှာလေးကို မြင်ယောင်ကြည့်မိသည်။ ခြံတံခါးလာမဖွင့်လို့ အိပ်စောင့်နေတဲ့ ဒီကောင်မလေးက ဇွဲရှိတာလား။ ဘုကန့်လန့်ဆန်တာလား မသိပေမဲ့ ခြံရှေ့မှာအိမ်စောင့်နေတဲ့ သူမက သိပ်ကလေးဆန်သည်။ ထိုအတွေးကြောင့် မာန်မင်းခ မျက်နှာမှာရိပ်ခနဲ ပြုံးကျသွားပြန်သည်။

ခြံတံခါးက ပွင့်သွားပြီမို့ အိမ်မက် ကားလေးကအရှေ့ကနေ မောင်းဝင်သွားသည်။ မာန်မင်းခ ရဲ့ကားလေးကတော့ အနောက်ကနေ ဖြည်းဖြည်းလေးသာ မောင်းနှင်သွား၏။ အိမ်မက်ကားပေါ်ကနေ ခြံထဲတွင် အစီအရီစိုက်ပျိုးထားတဲ့ အလှပန်းပင်တွေကို ကြည့်ကာ ပါးစပ်လေးပင် ပွင့်ဟသွား၏။ တကယ်ပါ ... ပန်းမြိုင် ဆိုတဲ့နာမည်နဲ့ လိုက်အောင်ပင် ထိုစံအိမ်၊ ထိုခြံဝင်းလေးက ပန်းတွေပင် လှိုင်လှိုင်ပွင့်လို့ ပန်းရနံ့တို့က ကြိုင်နေသည်။

ကားပေါ် ဒီအောက်ရောက်တော့ အသင့်ထွက်စောင့်နေတဲ့ ကျူးခင်ခင်ကို တွေ့လိုက်ရသည်။ အိမ်မက် ကားလေးကို ထိုးရပ်ကာ ကားပေါ်ကဆင်းပြီး ...

"ကျူး"

အိမ်မက်ရဲ့ အခေါ်ကြောင့် ကျူးခင်ခင်က ကြောင်တောင်တောင်လေး ကြည့်လာသည်။

"အိမ်မက်"

"ဟုတ်တယ်လေ နင့်သူငယ်ချင်းအိမ်မက်ပါဟ"

"နင်ပြောတော့ ညနေမှလာမယ်ဆို"

"ဟဲ ဟဲ ဒီနေ့မနက်က ရာသီဥတုလေး သာယာတုန်း လစ်ထွက်ခဲ့တာ"

ကျူးခင်ခင် ကဝမ်းသာအားရဖြင့် အိမ်မက်ရဲ့ လက်ကို ပြေးဆွဲကာ စစ်လား မေးလားလုပ်သည်။ အိမ်မက်က ရယ်ကျဲကျဲဖြင့် ရှိနေသည်။

"အဲဒါများ ဖုန်းက ထပ်ဆက်လိုက်တာမဟုတ်ဘူး။ ဘယ်အချိန်တည်းက ရောက်နေတာလဲ ပြောပါဦး"

"နေ့လယ် တစ်နာရီတည်းက"

"ဘာ ... နင် ... နင်ဟာ အဲဒါများ ရောက်နေတာကို ဖုန်းထပ်ဆက်ရောပေ့ါ ခုတော့ကြည့်ဦး ငါတို့ကချော့သည်ကို အပြင်မှာလေးနာရီလုံးလုံး ရှိစေခဲ့ပြီ"

"စိတ်မပူပါနဲ့ဟ ငါအပြင်မှာ လေးနာရီလုံးရှိနေတာ ငါဝမ်းသာတယ်"

"ဘာဖြစ်လို့လဲ"

"ငါအိပ်ရေးဝတယ်လေ"

"နင်"

"ဟီး ... ဟိ ... တကယ်ပြောတာ"

ကျူးခင်ခင်က နှုတ်ခမ်းလေးထော်ကာ မျက်စောင်းဝဲပြီး အိမ်မက်ကို အပြစ်တင်စကားဆိုသည်။ အိမ်မက် ကခပ်ဟဟလေး ရယ်ကာ ကျူးခင်ခင် ကိုစသည်။

မာန်မင်းခ ကားပေါ်ကဆင်းသည်နှင့် ကျူးခင်ခင်နဲ့ အိမ်မက်ရှိရာကို လှမ်းကြည့်လိုက်သည်။ ပြီးနောက် သူကပဲ ဦးဆောင်ကာ အိမ်ထဲကိုဝင်သွားသည်။

"လာ အိမ်မက် နင့်အတွက် အခန်းက အဆင်သင့်ပြင်ထားပြီးပြီ။ ရေမိုးချိုးပြီး ခဏနားလိုက်ဦး ညနေထမင်းဝိုင်းကြမှ အိမ်ကလူတွေနဲ့ မိတ်ဆက်ပေးမယ်"

"Ok အဆင်ပြေသလိုလုပ် ခုတော့ ငါအိပ်ချင်သေးတယ်"

"ဟုတ်ပြီလား ... သွားမယ်"

ကျူးခင်ခင်က အိမ်မက်ရဲ့ အဝတ်စားအိတ်လေးကို ဆွဲယူကာ အိမ်မက်ရဲ့ လက်ကိုဆွဲပြီး အိမ်ထဲဝင်သွားသည်။

"ခဏနေဦး ကျူးခင်ခင်"

အိမ်မက်နှင့် ကျူးခင်ခင် ဧည့်ခန်းရှေ့ကနေ ဖြတ်အလျှောက်မှာ မာန်မင်းခရဲ့ တားဆီးသံက ထွက်လာသည်။

"ကိုကြီး ကျူးကို ပြောစရာရှိလို့လား"

"ဟုတ်တယ် ဒီနေ့ မင်းဘာလုပ်လိုက်တယ် ဆိုတာ ကိုယ်ဘာသာ သိပါတယ်နော်"

ကျူးခင်ခင် ခေါင်းလေးငုံ့သွားကာ ...

"ဟုတ်ကဲ့ ကိုကြီး ကျူးသိပါတယ် နောက်မဖြစ်စေရပါဘူး"

"ကောင်းပြီ သွားတော့"

"ဟုတ်ကဲ့"

ကျူးခင်ခင် ခေါင်းလေးငုံ့ကာ အိမ်မက်ရဲ့ လက်ကိုဆွဲပြီး မာန်မင်းခကို ကျောခိုင်းကာ ထွက်သွား၏။ မာန်မင်းခ ထွက်သွားတဲ့ အိမ်မက်ရဲ့ နောက်ကျောကို တစ်ချက်ငေးကြည့်ပြီး ရှေ့မှာချထားတဲ့ သတင်းစာကို ကောက်ကိုင်လိုက်သည်။

ဖြူးဖွေးနေတဲ့ အသားရေက ဝါဖန့်ဖန့်သို့ ကူးပြောင်းနေ၏။ ကိုယ်ပေါ်မှာတော့ စွတ်ကျယ် အနက်ရောင်လေးနှင့် ဂျင်းကွာတား ဘောင်းဘီပွပွကို တွဲဝတ်ထားသည်။ ခန္ဓာကိုယ် အချိုးကျလှသူမို့ ထိုပုံလေးနဲ့က လိုက်ဖက်လှသည်။ ပြီးနောက် စံပင်နက်နက်ကျောလယ်လောက်ကို အတွန့်လိပ်လေးဖြင့် ပုံစံဖော်ထားပြီး ဖြန့်ချထားသည်။ ကော့ညွတ်နေတဲ့ မျက်တောင်လွှာတွေက မျက်ဝန်းမှိတ်ထားလိုက်ရင် သိပ်ကိုမှလှသည်။ နီးရဲဖူးကြွနေတဲ့ နှုတ်ခမ်းလွှာတို့ကလည်း ပြုံးလိုက် ရယ်လိုက်ရင်ဖြင့် ဆွဲဆောင်မှု အပြည့်ရှိသည်။ ဇင်ယော်တောင်လိုပုံစံနဲ့ မျက်ခုံးနက်နက်လေးတွေက နေရာတကျ အစီရီရှိသည်။ နှာတံပေါ် လွင်လွင်လေးကလည်း ဆွဲဖျစ်ချင်စရာကို ကောင်းလှသည်။ ထိုသို့လှပသော အလှပိုင်ရှင်ကို မာန်မင်းခ မျက်နှာလွှဲလိုက်တော့သည်။

"ကျူး"

"ဟင် ... ဘာလဲဟင် အိမ်မက်"

"ခုနက လူကြီးက ကျူးနဲ့ဘာတော်တာလဲဟင် ကျူးပြောပြဖူးတာ ကျူးမှာမောင်လေးပဲရှိတာ မဟုတ်လား"

"အမှန်တော့ဟုတ်တယ် ကျူးမှာမောင်လေးပဲ ရှိတာ၊ ခုကဘယ်လိုပြောရမလဲ ခုနက ကိုကြီးဆိုတာ ကျူးရဲ့နောက်ဖေဖေဘက်ကပါတဲ့ သားလေ"

"အမ်း ... နင်ပြောတာ ငါနားလည်လာသလိုလိုပဲ"

"ဒီလိုဟာ ငါ့မေမေရဲ့ နောက်ထောင်ဘက်ကပါတဲ့ သား သူ့မှာညီမတစ်ယောက် ရှိသေးတယ်"

"ဩော် ဒါဆိုသွေးမတော်ဘူးပေါ့"

"အင်း ... ဘာမှမတော်ဘူး"

အိမ်မက် ခေါင်းလေး ညိတ်လိုက်သည်။ ကိုယ်ကပဲ ခံစားရတာလား ဘာလားတော့မသိ။ "ပန်းမြိုင်" စံအိမ်ထဲ ဝင်လာကထည်းက ဒီအိမ်ကြီးက ခြောက်ကပ်ကပ်ကြီးလို ခံစားနေရသည်။

"ကဲ ဒီမှာ နင့်ရဲ့အခန်း ဒီအခန်းမှာနားနေ ညနေကြမှ ငါလာနိုးပေးမယ် ခုတော့ အိပ်ချင်အိပ်လိုက်လေ"

အဝတ်စားအိတ်လေးကို ခုတင်ပေါ် တင်ပေးလိုက်ကာ ပြောသည်။ အိမ်မက်က ခုတင်စောင်းမှာ ဝင်ထိုင်ရင်း ...

"အင်း ကျေးဇူးပဲ ကျူး"

"မလိုပါဘူးဟ တစ်ခုခုလိုရင် ငါ့ကိုလာခေါ် ငါကဟိုဘက်က သုံးခန်းမြောက်မှာ ဒီဘက်ကနင့်အခန်းနဲ့ ကပ်ရပ်ကအခန်း ကိုကြီး မာန်မင်းခရဲ့ ညီမအခန်း မသွားမိစေနဲ့သိလား"

"ဟင် ဘာဖြစ်လို့လဲ"

"သူကရောဂါသည်လေ တစ်ခုခုကို အလိုမကျရင် ဒေါသထွက်တတ်တယ် ပြီးတော့ခုမှ ရောက်လာတဲ့ နင့်ကို ရန်မူနေမှာစိုးလို့"

"အင်း ... ကောင်းပါပြီ ဒါဆိုငါအိပ်ပြီ"

"ဟုတ်ပြီ ညကြမှတွေ့မယ်"

ကျူးခင်ခင်က ပြောပြီး အခန်းပြင်ထွက်သွားသည်။ အခန်းထဲကျန်နေခဲ့တဲ့ အိမ်မက်က ခုတင်ပေါ်ကနေ ဆင်းကာ ပြတင်ပေါက်နားက လိုက်ကာလေးကို အသာဟလိုက်သည်။ တစ်ဖက်က အပြင်မှာ လေညင်းခံဖို့အတွက် အပြင်ထွက် တံခါးပေါက်တစ်ခုရှိသည်။

'ငါ့စိတ်က ထင်တာပဲနေမှာပါ ဒီလောက်ထိ ချမ်းသာနေတဲ့လူတွေရဲ့ အိမ်ကနည်းနည်းတော့ ခြောက်ကပ်ကပ်နိုင်မှာပေါ့ ထားလိုက်ပါတော့ လောဆယ်အိပ်တာပဲကောင်းမယ်'

စိတ်ထဲတွေးမိပြီး လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ ပြီးနောက် ခုတင်ရှိရာကို ပြန်သွားပြီး လှဲအိပ်ပစ်လိုက်သည်။

***